# (၄)
# ကျီးသဲဆရာတော်က မြို့ဝန်ထံပေး မေတ္တာစာ

ပန်တောင်းမြို့၊ စည်သာရပ်၊ မှီကပ်ဖြည့်တင်း၊ သီတင်းသုံးရှင်သော၊ အရှင်မုနိန္ဒာဘိဓဇ၊ ထေရ်မှစ၍၊ သဟာဓမ္မိကသင်္ဃာတော်တို့၊ မေတ္တာရပ်ခံအပ်သည်၊ တကာတော်ဝန်မင်း။ ကြီးမင်းသောပါရမီသမ္ဘာရ၊ ပုညစီးပွားကို၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာသူမြတ်တို့ထံ၊ စိတ်သံကြည်နူး၊ ပြုခဲ့ဖူးသည်နှင့်အညီ။ ဒိသမ္ပတိ၊ လောကီသင်းကျစ်၊ ဇေရာဇ် မင်းမြတ်က၊ မှူးမတ်သေနာပတိ၊ တိုင်းကြီးကျက်သရေ၊ ပြည်ကြီးလက်ရုံး၊ ခန့်သုံးမှတ်တော်မူ၍။ ပြည်သူအပေါင်းတို့၏ မကိုဋ်ပမာ၊ မြို့ရွာနယ်ပယ်သတ်မှတ်လျက်၊ အုပ်ကွပ်စိုးမိုးရသည်နှင့်လျော်စွာ၊ မြို့ပြပြည်ရွာ၊ သတ္တဝါမိုလ်လူ၊ ရှင်လူရဟန်းတို့၊ ငြိမ်းချမ်းသာယာမည့်အရေး၊ ပြည်လေးပြည်မွှားကို၊ ပယ်ရှားသုတ်သင်ပေရသော၊ လောကတံထွာ၊ ရာဇခံထုံးစံသို့လျှောက်၍၊ ယခုမျက်မှောက်၊ စိတ်နှောက်ကိုယ်ပါ၊ မလိမ္မာမှုပြုမိသည့် အပြစ်နှင့်၊ ချင့်ဝဇ္ဇအလျောက်၊ ခြိမ်းခြောက်ကွပ်ညှပ်၊ စီရင်ရာခံရှာရတော့မည် ဖြစ်သော သတ္တဝါ ငရွှေအုပ်သည်၊ ယုတ်ညံ့သိမ်ဖျင်းသော ရေးကုသိုလ်အဟုန်ကြောင့်၊ လူ့ဘုံသို့ကပ်၍ လူဇာတ်ပင်ဖြစ်ဘိသော်လည်း၊ သတိပညာနည်းပါး၊ မောဟသာများ၍ ကိုယ့်ဖြစ်လားကိုမတွေး၊ ပစ္စုပ္ပန်

ဘေးကိုလည်း မကြောက်၊ သံသရာဘေးကိုလည်းမထောက်၊ လောဘဇော နောက်မှာ၊ ကံမှောက်သည်အခိုက်၊ ကြမ္မာမိုက်ဖြားယောင်း၍၊ မကောင်းသော အကျင့်ကို၊ သင်းကျင့်သည်နှင့် လျော်ကန်အောင်၊ မင်းဒဏ်ရာဇဝတ်ဖြင့်၊ ကွပ်ညှပ်စီရင်လိုလျှင်လည်း၊ စီရင်ပိုင်တော့သည်။ သို့တည်းမဟုတ်၊ ထိုသူပင် ယုတ်သော်လည်း၊ ငါးပုပ်နှင့်မြက်ကဲ့သို့၊ စက်၍အနံ၊ ငါမခံပြီဟု၊ မကောင်းမှုကံ ကို၊ ရှုံ့ရှာစက်ဆုပ်ပါသဖြင့်၊ အခွင့်ပေးလည်း ပေးပိုင်တော့သည်။ နှစ်တည် သောအရေးတွင်၊ ရှေးရှေးသောဘဝက၊ ပုညသမ္ဘတ္တိစက်၊ စပ်ယှက်ယှဉ်မှီကာ၊ မဟာဂီရိ နတ်စစ်နှင့်၊ ကျန်ရစ်မင်းတို့ကဲ့သို့၊ မြို့ဘမြို့မိ၊ မြို့ရှိသဃ်ာ၊ ဆရာ တကာဖြစ်လာကြသည်နှင့်လျော်စွာ၊ ပါယ်လမ်းမြစ်တာ၊ ကောင်းရာညွှန်ကြား၊ တရားပြသ၊ ဆိုသင့်လှသော၊ ဆရာ့ဝတ်ကိုမျှော်ခေါ်၍၊ တကာတော်ဝန်မင်း လည်း၊ မကောင်းမှုလွတ်ကင်းလျက်၊ ကြီးမင်းသောကုသိုလ်ပါရမီ၊ ဇီဝိတဒါန ဖြစ်ကြောင်း၊ သွန်းလောင်းသော ဆရာတို့မေတ္တာလည်း၊ ဒုက္ခိတသတ္တဝါဘက် သို့ရောက်၍၊ အသက်ချမ်းသာမည်အကြောင်း။ သူတော်ကောင်းတို့၊ ကျင့် ဟောင်းထုံးစံကို ထောက်ထား၍၊ ပဏ္ဍာရနဂါး၊ ဂဠုန်သုတ်စားမည်ဟု အဖမ်း တွင်၊ ရဟန်းတို့အဝတ်တွင်၊ ဝင်ဝပ်၍နေသနှင့်။ ဖန်ရေစွန်းသော သင်္ကန်းကိုမြင် သဖြင့်၊ စားချင်သောအာသာကိုယုတ်၍၊ မသုတ်ဘဲလွှဲလေသည့်အဟန်၊ ဆဒ္ဒန်ဆင်မင်းသည်၊ ပစ်ခွင်းသော သောနုတ္တိုရ်မုဆိုးကို၊ မျက်ညှိုးအာဃာတ စိတ်၊ မိုဃ်းရိပ်သကဲ့သို့တက်၍၊ ညက်ညက်ချေမည်ဟု ရည်မှန်းသော်လည်း၊ သင်္ကန်းရောင်အဝတ်ကြောင့်၊ မသတ်ဘဲ လွှတ်သကဲ့သို့၊ ဆရာတို့ကို ကြည် ညွှတ်ပါသဖြင့်၊ ထိုသတ္တဝါချမ်းသာပေးလျက်၊ ချင့်အသက်ကို၊ ရေစက်သွန်းချ ၍၊ ဇီဝိတဒါနပြုစေချင်ပါသည်။ ပစ္စုပ္ပန် သံသရာ၊ နှစ်ဖြာကျိုးရှိ၊ သတိပေးပါ လျက်၊ ထွေထွေလာလာ။ ရာဇပရိယာယ်၊ သွယ်ဝယ်ဖွဲ့နွဲ့၊ မလွှတ်ခဲ့လျှင်လည်း၊ ကိုးစားတဲ့ သဘောနှင့်၊ ဟောပြောပြသ၊ ဆုံးမပါသောဆရာတို့တွင်၊ လူရှင်ပြစ်ဘွဲ့။ ကဲ့ရဲ့စရာ၊ မျက်နှာမထား၊ ပြောအားမတက်၊ ရှက်ဖွယ်စလိ၊ ရှိရာပလေတော့မည်။ အတည်တည်သော အရေးကို၊ ထောက်တွေးမျှော်ရှု၍၊

ပြုနိုင်တုန်းအခါ၊ ပြုရာခဲစွာသော အသက်ဒါနကိုပြု၍၊ သဗ္ဗညုတဆုကိုပန်လျက်၊ ရပ်ခံသောဆရာတို့၏ မေတ္တာပါရမီကို၊ ကူညီ၍ ဖြည့်ပါမည်အကြောင်းကို၊ ရုံးပေါင်းစဉ်ကာ၊ မေတ္တာရပ်ခံအပ်သည် တကာတော်ဝန်မင်း။

❑